ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၃) ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေ နှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရစွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအကြောင်း သိကောင်းစရာ။ | ၅-၇ |
| ၃။ | သင်္ဘောမောင်းဆီကြောင့် ညစ်ညမ်းပျက်စီးခြင်းဆိုင်ရာညွှန်ကြားချက်နှင့် စပ်လျဉ်းသည့် သတင်းစဉ်။ | ၈-၉ |
| ၄။ | စင်္ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်များအပေါ် ဥပဒေရေးရာရှုထောင့်မှ လေ့လာခြင်း။ | ၁၀-၁၁ |
| ၅။ | အမေရိကန်တရားရုံးချုပ်က ဖက်ဒရယ်မူပိုင်ခွင့်မူဝါဒကို စိန်ခေါ်သည့် New Intel ၏ လျှောက်ထားမှုကို ပယ်ချလိုက်ခြင်း။ | ၁၂-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၂) အမှတ် (၃)　　၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေ နှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနကဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှထုတ်ပြန်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကထုတ်ပြန်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိလမ်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်လမ်းမကြီး အဖြစ်သတ်မှတ်ကြေညာခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြ ဝန်ဆောင်မှုပေးထားပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် လမ်းမကြီးများဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် လမ်းမကြီးများဖောက်လုပ်လျက်ရှိပြီး လမ်းမကြီးများဥပဒေ ပုဒ်မ ၄(င)နှင့်(စ)တို့ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ယင်းဖောက်လုပ်ထားသော လမ်းမကြီးများအား လမ်းမကြီးများအဖြစ် သတ်မှတ်ခြင်း၊ ယင်းလမ်းမကြီးများ၏နယ်နိမိတ်များကို သတ်မှတ်ခြင်းတို့ကိုဆောင်ရွက်ခြင်းဖြစ်ပါသည်။ လမ်းမကြီးများဖောက်လုပ်ခြင်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်သွယ်မှုလွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမို ခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်အတွင်း လမ်းမကြီးများဖောက်လုပ်ခြင်းဖြင့် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်ဆက်သွယ်သည့်လမ်းမကြီးများ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊ လမ်းမကြီးများတိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ရေရှည်

တည်တံ့ရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် လမ်းမကြီးများပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန် ရည်ရွယ်သည်ကိုတွေ့ရှိရပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော လမ်းမကြီးများပေါ်တွင် လမ်းမကြီးကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊ လမ်းမကြီး၏နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း၊ မြေတူးယူခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ သီးပင်သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း၊ ဖျက်ဆီးခြင်း၊ လမ်းတံတားနှင့်မြေပြင်အနေအထားကို ပျက်စီးစေရန်ပြုလုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ လမ်းဘေးစားသောက်ဆိုင်များ၊ ဈေးဆိုင်များဆောက်လုပ်တည့်ခင်းရောင်းချခြင်းတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ပါက လမ်းမကြီးများဥပဒေပါ သက်ဆိုင်ရာပြစ်ဒဏ်များအရ အပြစ်ပေးစီရင်ခြင်းခံရမည်ဖြစ်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ ထို့ပြင် လမ်းမကြီးများပေါ်တွင် လှည်းနှင့်တိရစ္ဆာန်များဖြတ်သန်းသွားလာခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ လမ်းမကြီးပေါ်တွင် သွားလာမှုကိုအနှောင့်အယှက်သော်လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်း ဖြစ်စေမည့်ပစ္စည်းကို တမင်ထားရှိခြင်းတို့ကို ဆောင်ရွက်ပါကလည်း သက်ဆိုင်ရာသတ်မှတ်ပြဌာန်းထားသည့် ဥပဒေပါပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်ကို သတိပြုရမည်ဖြစ်ပါသည်။ မိမိ၏ပြုလုပ်မှုတစ်စုံတစ်ရာကြောင့် လမ်းမကြီးထိခိုက်ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါကလည်း ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် သတ်မှတ်ထားသော နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ဝန်ကြီးဌာနသို့ ပေးလျော်ရမည်ဖြစ်ပြီး ယင်းနစ်နာကြေး၊ လျော်ကြေးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုတောင်းခံနိုင်မည်ကိုလည်း သတိပြုသင့်ပါသည်။ သို့ပါ၍ လမ်းမကြီးများအဖြစ် သတ်မှတ်ကြော်ငြာထားသော လမ်းနယ်နိမိတ်များ၊ လမ်းများ ယင်းတို့၏နယ်နိမိတ်များကို အများပြည်သူများ သတိပြုလေ့လာသိရှိပြီး ရှောင်ကျဉ်ခြင်း၊ လိုက်နာခြင်းတို့ကို

ဆောင်ရွက်နိုင်ရန် လမ်းမကြီးများအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာများကို ဥပဒေရေးရာဝန်ကြီးဌာန၏ MLIS Website တွင် ဖော်ပြ ဝန်ဆောင်မှုပေးထားခြင်းဖြစ်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၃)    ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

## လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း သိကောင်းစရာ

မြန်မာနိုင်ငံတွင် လူမွဲခံယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းပြုနိုင်ရန်အတွက် ထိရောက်လွယ်ကူသော စနစ်တစ်ရပ်ရှိစေရန်နှင့် ယင်းစနစ်အား ထိရောက်စွာအကောင်အထည်ဖော်ရန် ကျွမ်းကျင်သော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ပေါ်ပေါက်လာစေရန် လူမွဲခံယူခြင်းဆိုင်ရာဥပဒေကို ၁၄-၂-၂၀၂၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ယင်းဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အာဏာတည်ခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အမိန့်ကြော်ငြာစာအမှတ် ၃၂၁ / ၂၀၂၀ ဖြင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီး လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၁၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁၈၅/၂၀၂၃ဖြင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရစွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ လူမွဲခံယူခြင်းဆိုင်ရာဥပဒေပါ စွဲဆိုမှုများကို စစ်ဆေးစီရင်ရာတွင် ထိုလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်ကိုတွေ့ရှိရပြီး စာရင်းရှင်းလင်းဖျက်သိမ်းပေးရန်လျှောက်ထားမှု၊ လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန်လျှောက်ထားမှု၊ ဆိုင်းငံ့မိန့်လျှောက်ထားမှုတို့နှင့်စပ်လျဉ်း၍ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းပေးရန်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းပေးစေလိုမှုတွင် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် ဒါရိုက်တာများ၊ ကုမ္ပဏီ၏မြီရှင်၊ ကုမ္ပဏီ၏မြီရှင်ဖြစ်နိုင်ဖွယ်ရှိသူ သို့မဟုတ် မြီရှင်ဖြစ်ရန် နီးကပ်သည့် အလားအလာရှိသူ၊ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူနှင့် မှတ်ပုံတင်အရာရှိတို့က ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ လျှောက်ထားလွှာပါအချက်များ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာနှင့် အတူ အမှုစွဲဆိုလျှောက်ထားနိုင်မည်ဖြစ်ပါသည်။

လူမွဲခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ သာမန်လူပုဂ္ဂိုလ် တစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးစေလိုမှုတွင် တစ်ဦး သို့မဟုတ် တစ်ဦး ထက်ပိုသောမြီရှင်များ နှင့် မြီစားကိုယ်တိုင်တို့က ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဆောင်ရွက်ခွင့် ရှိသူကဖြစ်စေ လျှောက်ထားလွှာပါအချက်များ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာနှင့်အတူ အမှုစွဲဆို လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

ဆိုင်းငံ့မိန့်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ သာမန်ပုဂ္ဂိုလ်မြီစားကသာ လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

စီရင်ပိုင်ခွင့်ရှိသောတရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားမှု၊ လူမွဲခံယူ စေသည့်အမိန့်ချမှတ်ပေးရန်လျှောက်ထားမှု၊ ဆိုင်းငံ့မိန့်လျှောက်ထားမှုတို့နှင့်စပ်လျဉ်း၍ တရားမ အထွေထွေမှုရေးဖွင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးစေလိုမှု လျှောက်ထားစွဲဆိုထားဆဲ၌ ဆိုင်းငံ့မိန့် လျှောက်ထားလာပါက သီးခြားအမှု ဖွင့်လှစ်ရန် မလိုအပ်ဘဲ စွဲဆိုထားဆဲ တရားမအထွေထွေမှုတွင်သာ လျှောက်ထားစေရမည် ဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းပေးရန်လျှောက်ထားမှုနှင့် လူမွဲခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုတို့တွင် လျှောက်ထားခံရသူရုံးရှေ့ရောက်ရှိရန်အတွက် အကြောင်းကြားစာထုတ်ဆင့် ရာတွင် တရားမကျင့်ထုံးဥပဒေနှင့်အညီဆင့်ဆိုနိုင်ပြီး လျှောက်ထားခံရသူတွင် လုပ်ငန်းသုံးအီးမေးလ် လိပ်စာရှိပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားဝင်ခွင့်ပြုထားသည့် (Web Mail)ဖြင့် လည်းဆင့်ဆိုနိုင်ပြီး ပေးပို့လိုသည့်အီးမေးလ်လိပ်စာသို့ ရောက်ရှိသွားကြောင်း ပေါ်ပေါက်လျှင် အကြောင်းကြားစာ အတည်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

တရားရုံးသည် ယင်းလုပ်ထုံးလုပ်နည်းပါလျှောက်ထားမှုများနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြီးသတ် ကြားနာပြီးနောက် သင့်လျော်သည့် အမိန့်ချမှတ်နိုင်ခြင်း၊ စာရင်းရှင်းလင်း ဖျက်သိမ်းပေးရန် လျှောက်ထားမှုတွင်စာရင်းရှင်းလင်းဖျက်သိမ်းစေသည့်အမိန့်ချမှတ်ခဲ့ပါက စာရင်းရှင်းလင်းဖျက်သိမ်း ရေးအရာရှိခန့်အပ်၍ ယင်းအရာရှိကပေးပို့သည့် အစည်းအဝေးမှတ်တမ်းအား မှတ်ပုံတင်အရာရှိက

မှတ်ပုံတင်စာရင်းရေးသွင်းပြီးသည့်နေ့မှ (၃)လပြည့်မြောက်သည့်နေ့တွင် ဥပဒေပုဒ်မ ၂၁၂၊ပုဒ်မခွဲ(ခ) ပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီဖျက်သိမ်းပြီးကြောင်း အမှုအားပိတ်သိမ်းရမည်ဖြစ်ကြောင်း၊ လူမွဲခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုတွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခဲ့ပါက လူမွဲပိုင်ပစ္စည်းများကို ဥပဒေပုဒ်မ ၂၅၅ နှင့် ၂၆၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်ပစ္စည်းထိန်းကိုဖြစ်စေ၊ သင့်သည်ထင်မြင်သည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မည်သူ့ကိုမဆို ယုံမှတ်အပ်နှင်းခြင်းခံရသူအဖြစ် ခန့်အပ်နိုင်ကြောင်း၊ ဆိုင်းငံ့မိန့်လျှောက်ထားမှုတွင် အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် တရားရုံးကချမှတ်သည့် ဆိုင်းငံ့မိန့်သည် ယင်းအမိန့်ချမှတ်သည့်နေ့မှစ၍ ၂၈ ရက်ကုန်ဆုံးသည့်နေ့တွင် အကျိုးသက်ရောက်မှုရပ်စဲမည် ဖြစ်ပါသည်။

ယင်းလုပ်ထုံးလုပ်နည်းများတွင် သီးခြားဖော်ပြထားခြင်းမရှိသော ကိစ္စရပ်များအတွက် တရားမမှုခင်းများတွင် အသုံးပြုလျက်ရှိသည့် မူသေပုံစံများနှင့်ရာဇဝတ်မှုခင်းများတွင် အသုံးပြုလျက်ရှိသည့် မူသေပုံစံများကို သင့်လျော်သလို ပြုပြင်သုံးစွဲနိုင်မည်ဖြစ်ပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့်အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက်အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်;　www.unionsuprmecourt.gov.mm

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၂) အမှတ် (၃) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

## သင်္ဘောမောင်းဆီကြောင့် ညစ်ညမ်းပျက်စီးခြင်းဆိုင်ရာညွှန်ကြားချက်နှင့် စပ်လျဉ်းသည့် သတင်းစဉ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် သင်္ဘောမောင်းဆီကြောင့် ညစ်ညမ်းပျက်စီးခြင်းဆိုင်ရာဆိုင်ရာညွှန်ကြားချက်ကို မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၂/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယင်းညွှန်ကြားချက် အပိုဒ် ၁၊အပိုဒ်ခွဲ(က)ပါ ၂၀၀၁ ခုနှစ်၊ သင်္ဘောမောင်းဆီယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန်တာဝန်ရှိခြင်းနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ စီရင်ပိုင်ခွင့်အတွင်း ရောက်ရှိနေသော မြန်မာသင်္ဘောကြောင့်ဖြစ်စေ၊ အထူးသီးသန့် စီးပွားရေးဇုန်အပါအဝင် မြန်မာ့ရေပြင်အတွင်းရှိ မည်သည့်သင်္ဘောကြောင့်ဖြစ်စေ သင်္ဘောမောင်းဆီယိုဖိတ်ခြင်း သို့မဟုတ် စွန့်ထုတ်ခြင်းကြောင့် ဖြစ်ပွားခဲ့သည့် ညစ်ညမ်း ပျက်စီးဆုံးရှုံးမှုနှင့် အဆိုပါညစ်ညမ်းပျက်စီးဆုံးရှုံးမှုအား တားဆီးရန် သို့မဟုတ် လျော့ပါးစေရန် မည်သည့်နေရာဒေသတွင် မဆိုဆောင်ရွက်သော ကာကွယ်တားဆီးရေးအစီအမံများသည် ယင်းညွှန်ကြားချက်နှင့် သက်ဆိုင်ကြောင်းနှင့် ညွှန်ကြားချက်၊အပိုဒ် ၁ အပိုဒ်ခွဲ (ခ) ပါသင်္ဘောများသည်သက်ဆိုင်ခြင်းမရှိကြောင်း သိရသည်။

သင်္ဘောမောင်းဆီယိုဖိတ်ခြင်း သို့မဟုတ် စွန့်ထုတ်ခြင်းကြောင့် ညစ်ညမ်းပျက်စီးဆုံးရှုံးမှုအတွက် တရားမကြောင်းအရ ပေးလျော်ရန် တာဝန်ရှိမှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများရှိလာပါက ၂၀၀၁ ခုနှစ်၊ သင်္ဘောမောင်းဆီယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန် တာဝန်ရှိခြင်းနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းပါသတ်မှတ်ချက်များအတိုင်းဖြစ်ကြောင်း၊ လုံးပေါင်းတန်ချိန် ၁၀၀၀ ထက်ပိုသော သင်္ဘောများ၏ပိုင်ရှင်တိုင်းသည် ဤညွှန်ကြားချက်ပါ ညစ်ညမ်းပျက်စီးဆုံးရှုံးမှုအတွက် ၎င်း၏တာဝန်ရှိမှုအပေါ် ၁၉၇၆ ခုနှစ်၊ ရေကြောင်းဘက်ဆိုင်ရာလျော်ကြေးတောင်းခံခြင်းများအတွက် တာဝန်ရှိမှုကန့်သတ်ခြင်းနှင့် သက်ဆိုင်သည့်

အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲစာချုပ်များပါ ပြဋ္ဌာန်းချက်များအတိုင်း မဖြစ်မနေထားရှိရမည့် အာမခံ သို့မဟုတ် ငွေကြေးဆိုင်ရာ အခြားအာမခံချက်ကို ထားရှိရမည် ဖြစ်ကြောင်း၊ ထိုသို့အာမခံချက်ထားရှိပြီးသော မြန်မာသင်္ဘောများအား သင်္ဘောမောင်းဆီယိုဖိတ်မှု အာမခံလက်မှတ်ကို ထုတ်ပေးရမည်ဖြစ်ကြောင်း၊ အဆိုပါလက်မှတ်ကို သင်္ဘောများပေါ်တွင် အစစ် ဆေးခံနိုင်ရန် ထားရှိရမည်ဖြစ်ကြောင်း၊ ယင်းအာမခံလက်မှတ်မရှိပါက မြန်မာနိုင်ငံအတွင်းရှိ မည်သည့်ဆိပ်ကမ်း သို့မဟုတ် နေရာဒေသတစ်ခုသို့ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ ဝင်ရောက်ရန် အားထုတ်ခြင်း သို့မဟုတ် ထွက်ခွာရန် အားထုတ်ခြင်းတို့မပြုရကြောင်း နှင့် ဤညွှန်ကြားချက်သည် ၁၉၉၂ခုနှစ်၊ ဆီယိုဖိတ်မှုကြောင့်ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန် တာဝန်ရှိခြင်းနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သိရ သည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၃)　　　　２၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

## စင်္ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်များအပေါ် ဥပဒေရေးရာရှုထောင့်မှ လေ့လာခြင်း

စင်္ကာပူနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ ၂၀၂၃ အစီရင်ခံစာအရ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာ တွင် လွယ်ကူမှုအဆင့်၌ အဆင့် ၂ နေရာတွင် ရပ်တည်လျက်ရှိပါသည်။ ယင်းကဲ့သို့ စွမ်းဆောင်ရည် မြင့်မားရခြင်းမှာ စင်္ကာပူနိုင်ငံ၏ နိုင်ငံရေးနှင့်လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုတို့သည် တည်ငြိမ်မှု ရှိခြင်း၊ တရားဥပဒေစိုးမိုးမှုရှိခြင်း နှင့် မူဝါဒချမှတ်မှုများ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အာရှ-ပစိဖိတ် ဒေသတွင်း အဂတိလိုက်စားမှုအဆင့် တိုင်းတာချက်များအရ အဂတိလိုက်စားမှုနည်းပါးခြင်းနှင့် အသိပညာပြည့်ဝပြီး စနစ်တကျလေ့ကျင့်ထားသော လုပ်သားများရှိခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ တည်ထောင် ရာတွင် အစုရှယ်ယာကန့်သတ်ထားသော ပုဂ္ဂလိကကုမ္ပဏီလီမိတက်၊ ကန့်သတ်ထားသော အစုစပ် စီးပွားရေးလုပ်ငန်း၊ အစုရှယ်ယာမတည်ငွေရင်း ပြောင်းလဲနိုင်သော ကုမ္ပဏီကဲ့သို့သော ပုံစံများဖြင့် တည်ထောင်လေ့ရှိကြပါသည်။

ခွင့်ပြုမိန့်လိုင်စင်များနှင့်စပ်လျဉ်း၍ စင်္ကာပူနိုင်ငံ၏ အာမခံများနှင့်ကုန်စည်များ အက်ဥပဒေ ၂၀၀၁ နှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။

စင်ကာပူနိုင်ငံ၏ ဆွဲဆောင်မှုရှိသော အခွန်မက်လုံးများနှင့် စီးပွားရေးနှင့်လိုက်လျောညီထွေ ဖြစ်သော အခွန်စနစ်သည် စင်ကာပူနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် အထောက်အကူ ဖြစ်စေပါသည်။ အဆိုပါ မက်လုံးများတွင်ပစ္စည်းရောင်းချခြင်း၊ ရှယ်ယာရောင်းချခြင်းနှင့် အခြားသော ငွေကြေးဆိုင်ရာ စာချုပ်စာတမ်းများ ချုပ်ဆိုခြင်းတို့မှ ရရှိသည့် အမြတ်အပေါ် အခွန်ပေးဆောင်ရန် (capital gains tax) မလိုအပ်ခြင်း၊ ကုမ္ပဏီအခွန်အခအနည်းဆုံးနှုန်းထား ၁၇ % သတ်မှတ်ခြင်းတို့ ပါဝင်သည်။ ထို့ပြင် စင်္ကာပူနိုင်ငံတွင် အခွန်နှစ်ထပ်စည်းကြပ်ခြင်း သဘောတူစာချုပ်များ ဆောင်ရွက် လျက်ရှိပါသည်။

စင်ကာပူနိုင်ငံ၏ သုတေသန၊ ဆန်းသစ်တီထွင်မှုနှင့် လုပ်ငန်းအစီအစဉ် ၂၀၂၅ (RIE2025) သည် ၂၀၂၁-၂၀၂၅ အလွန်ကာလတွင် စင်ကာပူနိုင်ငံ၏စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းနှင့် တိုးတက်ဖြစ်ထွန်းမှုနည်းလမ်းများကို ဖန်တီးရန် ရည်ရွယ်ပါသည်။

GDP 1% ခန့်(SGD 25 billion ခန့်) ရင်းနှီးမြှုပ်နှံမှုကို မဟာဗျူဟာနယ်ပယ် ၄ ခုတွင် အစိုးရက ဆောင်ရွက်မည်ဖြစ်ပြီး ယင်းမဟာဗျူဟာ ၄ ခု မှာ(၁) ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ချိတ်ဆက်မှု(manufacturing, trade and connectivity) ၊(၂) လူတို့၏ လူ့ကျန်းမာရေး နှင့် အလားအလာ (human health and potential)၊ (၃) မြို့ပြဖြေရှင်းမှုများနှင့် ရေရှည်တည်တံ့မှု (urban solutions and sustainability)၊ (၄) စမတ်ကျသောနိုင်ငံနှင့် ဒစ်ဂျစ်တယ်စီးပွားရေး (smart nation and digital economy )တို့ဖြစ်ပါသည်။

ကမ္ဘာ့ငွေကြေးမူဝါဒတင်းကြပ်မှုနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်နေသည့် စီးပွားရေးပတ်ဝန်းကျင်တွင် စိန်ခေါ်မှုများရှိနေသော်လည်း စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာသည် ကောင်းစွာ ရပ်တည်လျက်ရှိပါသည်။ စင်္ကာပူနိုင်ငံ၏ စီးပွားရေးအခြေခံ အဆောက်အအုံများ တည်ငြိမ်ခြင်း၊ စိတ်ချရခြင်းနှင့် ကြားနေခြင်းဟူသော ဂုဏ်သတင်းသည် အာရှအရှေ့မြောက်နှင့် တရုတ်နိုင်ငံတို့၏ စီးပွားရေးလုပ်ငန်းများ တိုးတက်လာမှုနှင့်အတူ အမေရိကန်၊ ဥရောပနှင့် အာရှတို့မှ ထည့်ဝင်ရင်းနှီးသည့်အရည်အသွေးပြည့်မီသော ရန်ပုံငွေများရရှိရန် တွန်းအားဖြစ်ကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://law.asia/investment-activities-legal-perspective-singapore/

## အမေရိကန်တရားရုံးချုပ်က ဖက်ဒရယ်မူပိုင်ခွင့်မူဝါဒကို စိန်ခေါ်သည့် New Intel ၏ လျှောက်ထားမှုကို ပယ်ချလိုက်ခြင်း

Intel Corporation သည် ကယ်လီဖိုးနီးယား၊ Santa Clara တွင် ရုံးစိုက်သော နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည်။ ၎င်းသည် ကမ္ဘာ့အကြီးဆုံး semiconductor လျှပ်ကူးပစ္စည်း ချစ်ပ်(Chip) ထုတ်လုပ်သူများထဲမှ တစ်ခုဖြစ်သည်။

ထို့ပြင် Edwards Lifesciences သည် ကယ်လီဖိုးနီးယားပြည်နယ်၊ Irvine တွင် ရုံးစိုက် သော အမေရိကန်ဆေးဘက်ဆိုင်ရာနည်းပညာကုမ္ပဏီတစ်ခုဖြစ်ပြီး နှလုံးအဆို့ရှင်အတုများနှင့် သွေးလှည့်ပတ်မှု စောင့်ကြည့်ခြင်းတို့ကို အထူးပြုလုပ်ကိုင်သည့်ကုမ္ပဏီဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်နေ့တွင် အမေရိကန်တရားရုံးချုပ်သည် ဖယ်ဒရယ်အေဂျင်စီ က ပြန်လည်သုံးသပ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အရေအတွက်ကို လျှော့ချခဲ့သော အမေရိကန်နိုင်ငံ၏မူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်ရုံး၏မူဝါဒကို စိန်ခေါ်လိုက်သည့် Intel နှင့် Edwards Lifesciences တို့က တင်ပြလာသော တရားစွဲဆိုမှု တစ်စိတ်တစ်ပိုင်းကို ပြန်လည်ဖော်ထုတ်ရန် ငြင်းဆိုခဲ့သည်။

တရားသူကြီးများသည် ၎င်းကုမ္ပဏီ ၂ ခုနှင့် စပ်လျဉ်း၍ အောက်တရားရုံး၏ ပလပ်ခဲ့သည့် အမိန့်အားအယူခံဝင်ရောက်လာမှုကိုပယ်ချခဲ့သည်။ Intel နှင့် Edwards တို့က အဆိုပါဆုံးဖြတ်ချက်သည် တရားရေးဆိုင်ရာ ကြီးကြပ်မှုမရှိဘဲ မူပိုင်ခွင့်စနစ်ကို ထိခိုက်စေသည့် စံနှုန်းများကို လွတ်လပ်စွာ ချမှတ်ရန်ဖြစ်စေကြောင်း တရားရုံးချုပ်သို့ ပြောကြားခဲ့သည်။

မူပိုင်ခွင့်ရုံး၏မူဝါဒကို ပြန်လည်သုံးသပ်ရန် Intel ၊ Apple နှင့် Viatris ပိုင်ဆိုင်သော (VTRS.O) အထွေထွေဆေးထုတ်လုပ်သူ Mylan တို့၏ ယခင်တောင်းဆိုမှုများကို တရားရုံးချုပ်က

ပယ်ချခဲ့သည်။ Intel နှင့် Edwards တို့၏ ကိုယ်စားလှယ်များက မှတ်ချက်ပေးရန် တောင်းဆိုမှုများကို ချက်ချင်းတုံ့ပြန်ခဲ့ခြင်းမရှိခဲ့ပါ။

မူပိုင်ခွင့်စစ်ဆေးသည့်ရုံးနှင့် အယူခံဘုတ်အဖွဲ့သည် လျှောက်ထားသူများအား သီးခြားမူပိုင်ခွင့်များ၏တရားဝင်မှုများကို ယှဉ်ပြိုင်ရန် ခွင့်ပြုပေးထားသည်။ ၂၀၂၀ ပြည့်နှစ်တွင် မူပိုင်ခွင့်ရုံးမှ ရုံးတွင်းစည်းမျဉ်းတစ်ရပ်ကို ချမှတ်ခဲ့ပြီး အဆိုပါ စည်းမျဉ်းမှာ တရားရုံးသို့ ရုံးတင်စစ်ဆေးရန် လိုအပ်ခြင်း ရှိ မရှိ ပါဝင်ပြီး ယင်းစည်းမျဉ်းသည် အသနားခံစာများကို ငြင်းဆိုရန် ဘုတ်အဖွဲ့တရားသူကြီးများ၏ ဆုံးဖြတ်ချက်ကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

Intel နှင့် Edwards တို့သည် Apple ၊ Google နှင့် Cisco တို့နှင့်အတူ ကယ်လီဖိုးနီးယားနိုင်ငံရှိ ဗဟိုတရားရုံးတွင် တရားရင်ဆိုင်ခဲ့ကြသည်။ ပြည်ထောင်စုဥပဒေကို ချိုးဖောက်သည့် မူပိုင်ခွင့်ရုံး၏ မူဝါဒသည် “အားကောင်းသောမူပိုင်ခွင့်စနစ်အား ကာကွယ်ခြင်း” တွင် အမှုသည်များအကြား တရားစွဲဆိုမှုကဏ္ဍကို အဟန့်အတားဖြစ်စေသည်ဟု ၎င်းတို့က ပြောကြားခဲ့ကြသည်။ Apple ၊ Google နှင့် Cisco တို့သည် အယူခံမှုတွင် မပါဝင်ခဲ့ကြပါ။

အမေရိကန်အယူခံတရားရုံးက အသနားခံစာများအပေါ် အယူခံဝင်ရောက်နိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် လွန်ခဲ့သည့်နှစ်က အမှုအားပလပ်ခဲ့သည့် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ဥပဒေနှင့်စီရင်ထုံးများကိုးကား၍ ဆုံးဖြတ်ချက်တစ်စိတ်တစ်ပိုင်းကို အတည်ပြုခဲ့သည်။ အယူခံရုံးသည် အများပြည်သူသို့ ကြေငြာခြင်းနှင့် မှတ်ချက်များရယူခြင်း တို့ကိုဆောင်ရွက်ရန် မူပိုင်ခွင့်ရုံး၏ပျက်ကွက်မှုအားအခြေခံ၍ Apple ၏ စိန်ခေါ်မှုတစ်စိတ်တစ်ပိုင်း အားပြန်လည် ဖော်ထုတ်ခဲ့သည်။ ထို့ပြင် အယူခံတရားရုံး၌ Tesla၊ Honda၊ Comcast and Dell တို့ကလည်း တရားလိုအား ပံ့ပိုးတင်ပြမှုများ ရှိခဲ့သည်။

Intel၊ Edwards တို့က တရားစီရင်ရေးဆိုင်ရာသုံးသပ်ချက်နှင့်သက်ဆိုင်သည် တရားရုံး က ချမှတ်ခဲ့သည့်အမိန့်အပေါ် ပြန်လည်သုံးသပ်ရန် တင်ပြခဲ့သည်။ အမေရိကန် ရှေ့နေချုပ်ကို ကိုယ်စားပြုသည့်ရုံးက အယူခံကိုကြားနာခြင်းမပြုရန် တရားသူကြီးများအားတိုက်တွန်းထားခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources : https://www.reuters.com/legal/litigation/us-supreme-court-rejects-new_intel challenge-federal-patent-policy-2024-0

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၃) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

